# မုန်းကွန်(ရွာမ)ကျေးရွာ
# ဟိုပန်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုန်းကွန်(ရွာမ)ကျေးရွာ၊ ဟိုပန်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ ဇွန်

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စကားချီး | ၃ |
| ၂။ | ကျေးရွာ သယံဇာတပြန်လည်ပုံ၊ | ၄ |
| ၃။ | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| ၄။ | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး | ၁၂ |
| ၉။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၂ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၃ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၄ |
| **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၆ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၈ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၉ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုန်းကွန်(ရွာမ)ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ မုန်းကွန်(ရွာမ)ကျေးရွာ သယ်ဇာတပြမြေပုံ



**ဟိုပန်မြို့နယ်၊ မုန်းကွန်(ရွာမ)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်**



**ဟိုပန်မြို့နယ်၊ မုန်းကွန်(ရွာမ)ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ**



# အဝိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

မုန်းကွန်(ရွာမ)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ မုန်းကွန်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပန်မော့ကျေးရွာ၊ အနောက်ဘက်တွင် ဟထကျေးရွာ၊ အနောက်မြောက်ဘက်တွင် မုန်းကွန်(ရှမ်း)ကျေးရွာ၊ မြောက်ဘက်တွင် နမ့်မုန်းကျေးရွာနှင့် အရှေ့တောင်ဘက်တွင် လုံတုံးရွှေကျေးရွာစသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် '၀'လူမျိုးများသာ နေထိုင်ကြပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာ၏ ရွာသီဥတုမှာ ပူအိုက်သောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေကမှာ လယ်က(၆၇)ကနှင့် တောင်ယာကမှာ (၃၂)က စုစုပေါင်း (၉၉)ကရှိပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာလတွင် မိုးကုန် ပါသည်။ ဇွန်နှင့်ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀) လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှအမြင့်ဆုံး အပူချိန် (၃၃.၈၀)ဒီဂရီ အနိမ့်ဆုံးအပူချိန် (၁၁.၀၀) ဒီဂရီစင်တီဂရိတ်ရှိပါသည်။

**၃။ လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျေးရွာတွင် အိမ်ခြေ(၄၅)၊ လူဦးရေပေါင်း(၂၇၁)ဦးရှိပြီး တရုတ်၊ ကိုးကန့်၊ "၀"လူမျိုးနှင့် ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းနှင့်ညီပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် (၉)ဦး (၃.၃၂%)၊ (၅)နှစ်အောက်ကလေးငယ် (၁၇)ဦး (၆.၂၇၃%)၊ ကျောင်းနေအရွယ်ကလေးများ (၅၁)ဦး (၁၈.၈၁၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၁၈၃) ဦး (၆၈.၂၆၆%)နှင့် သက်ကြီးရွယ်အို (၉)ဦး(၃.၃၂%)ရှိပြီး ကျေးရွာတွင် အလုပ်လုပ်နိုင်သော သူများပါသည်။ ထို့ပြင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၂.၅၈%)ခန့် နည်းပါသည်။

**၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားပါသည်။ ထိုစီမံကိန်းကို ကျေးရွာများမှ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ကျေးရွာတွင်းမြစိမ်းရောင်ကော်မတီအား ဖွဲ့စည်းထားရပါသည်။ ထိုကော်မတီများမှတစ်ဆင့် ကျေးရွာသူ/သားများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ပေးခြင်း၊ ထုတ်ချေးငွေများအား ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်းရှင်းလင်းခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ချေးငွေအတိုးတွက်ချက်ခြင်းနှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းတို့ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ် ကော်မတီတို့မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့များမှာကျေးရွာတွင်း သာရေး/နာရေးကိစ္စများ ဆောင်ရွက်ရာတွင် အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုး

ရေးကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုတော့ သက်ဆိုင်ရာဌာနများနှင့်ချိတ်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။

**၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး စိုက်ပျိုးမြေမဲ့ယာမဲ့မှာ အိမ်ထောင်စု(၂၃)စုရှိသော်လည်း ထိုထဲမှ(၃)အိမ်ထောင်စုမှာ အခြားသောသူများထံမှ မြေကေအနည်းငှားရမ်းပြီး မိမိကိုယ်ပိုင်စီးပွားရေး လုပ်ငန်းအားလုပ်ကိုင်ကြခြင်းနှင့် အိမ်ထောင်စု(၂)စုမှာ စိုက်ပျိုးမြေယာများမရှိသော်လည်း ကိုယ်ပိုင်စတိုးဆိုင်နှင့် ကုန်စုံဆိုင်ဖွင့်ထားခြင်း၊ ကျန်(၁၈)စုမှာ စိုက်ပျိုးမြေယာမဲ့ဖြစ်ပြီး နေ့စားကျဘမ်းလုပ်ကိုင်သူ ဖြစ်ပါသည်။ အဓိကအားဖြင့် ပြောင်း၊ စပါး၊ ကြံနှင့်ပဲသီးကို စိုက်ပျိုးကြသော်လည်း စပါးကို အိမ်စားသုံးရန် အတွက်သာစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးမြေအနည်းငယ်ရှိသော အိမ်ထောင်စုအချို့မှာ မိမိလယ်/ယာများမှ စိုက်ပျိုးသီးနှံများအား ရိတ်သိမ်းပြီးလျှင် အခြားသောသူများထံသို့ နေ့စားအနေဖြင့် သွားရောက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးအတွက် အနီးနားရှိ မုန်းကွန်ချောင်းမှရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတုမမှန်သော်လည်း ချောင်းမှရေကို ရေစုပ်စက်များဖြင့် ရေစုပ်တင်ကာ အသုံးပြုကြသဖြင့် အခက်အခဲတော့ မရှိပါ။

စိုက်ခင်းများမှာ မုန်းကွန်ချောင်းဘေးတွင်သာ စိုက်ပျိုးရပြီး လက်တွန်းထွန်စက်၊ ပေါက်ပြားနှင့် ကျွဲရှိသူများက ကျွဲများနှင့်သာ လယ်/ယာမြေများ ထွန်ယက်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူများပါသည်။ စိုက်ပျိုးရေးသုံးကိရိယာမရှိသူအချို့မှာ အခြားသူများထံသို့ ငှားရမ်းခအနေဖြင့် ငွေသားပေးစရာမလိုပဲ ဆီထည့်ပေးခြင်းဖြင့် ငှားရမ်းကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ဟိုပန်မြို့နှင့် နယ်စပ်မြို့ဖြစ်သောချင်းရွှေဟော်မြို့တွင် ဝယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ကြက်ချေး၊ ကျွဲချေးနှင့် ဝက်ချေးတို့ကို အသုံးပြုနိုင်သော်လည်း စိုက်ခင်းတွင် အသုံးပြုရန်မလုံလောက်သောကြောင့် သုံးစွဲသူနည်းပါးပါသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေး ထွက်ကုန်များကို ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့တွင်သာ တင်ပို့ရောင်းချကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသောကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ကြခြင်းမရှိသော်လည်း အိမ်စားရန်အတွက်တော့ မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်သူ(၂) အိမ်ထောင် စုရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်ပေါ်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ မခက်ခဲသော်လည်း ဘဏ်နှင့် ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်နည်းပါးပါသည်။ သို့သော်ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား အတိုးနှုန်း(၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင်ပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရွာတွင်းလမ်းမှာ အချို့သောနေရာတွင် ကျောက်ခင်းလမ်းဖြစ်ပြီး အချို့သော နေရာများတွင် မြေသားလမ်းသာဖြစ်ပါသဖြင့် မိုးရာသီအချိန်တွင် သွားလာရခက်ခဲပါသည်။ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် လုံတုံးရွှေ-မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း)ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် လုံတုံးရွှေ-မုန်းကွန် (ရွာမ)-မုန်းကွန်(ရှမ်း)ကျေးရွာချင်းဆက် ကတ္တရာလမ်းနှင့် မုန်းကွန်(ရွာမ)-ဟထကျေးရွာချင်းဆက် ကျောက်ချောလမ်းများအား ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပါသည်။ ရွာချင်းဆက်လမ်းများမှာကောင်းမွန်ပြီး ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်၍ မိုးရာသီအချိန်တွင် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် သွားလာရန် အလွန်ခက်ခဲလှပါသည်။

၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း) ရွာချင်းဆက် Box Culvert (၁)စင်းနှင့် Concrete တံတား(၁)စင်း၊ လုံတုံးရွှေ-မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း) ကျေးရွာ ချင်းဆက် Box Culvert(၁)စင်း၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် လုံတုံးရွှေ-မုန်းကွန်(ရွာမ)ရွာချင်းဆက် လမ်းပေါ်ရှိ Concrete တံတား(၁)စင်းနှင့် မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း)ရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert (၁)စင်း စုစုပေါင်းတံတား(၅)စင်းကို ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပါသည်။ကျေးရွာတွင် Box Culvert (၂)စင်းရှိသော်လည်း ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ပြုလုပ်ထားသော ကြောင့် သေသပ်မှုမရှိပဲ လမ်းထက်နိမ့်နေသည့်အတွက် ပွင့်လင်းရာသီသာ သွားလာရအဆင် ပြေပြီး မိုးရာသီအချိန်တွင် ရေများတံတားပေါ်ရောက်ရှိလာပြီး တံတားပါမြုပ်သွားပါသဖြင့် သွားလာရာတွင် အခက်အခဲများစွာရှိပါသောကြောင့် ထိုတံတားအား ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်ရန်အတွက် တံတားအား အသစ်ပြန်လည် တည်ဆောက်လိုပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုတွင် ဆိုင်ကယ်များပိုင်ဆိုင်ကြပြီး အဆင်ပြေသောအိမ်ထောင်စုအချို့တွင် ကား၊ ထော်လာကျီများပိုင်ဆိုင်ကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

မုန်းကွန်(ရွာမ)ကျေးရွာမှာ မဟာဓါတ်အားလိုင်းနှင့် (၆၀/၀)မိုင်ကျော်ခန့် ကွာဝေး သည့်အတွက်ကြောင့် မဟာဓါတ်အားလိုင်းမှ မီးမရနိုင်ပါ။ သို့သော် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ထားသည့် ဆိုလာ မီးရရှိထားပြီး ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ICB-3 ဆိုလာမီး ကိုလည်း ရရှိထားပြီးဖြစ်ပါသည်။ တနိုင်တပိုင်ရေအား လျှပ်စစ်မီးကိုလည်း အသုံးပြုကြပါသည်။လျှပ်စစ်မီးအသုံးမပြုနိုင်သည့် အိမ်ထောင်စုမှာ ဖယောင်းတိုင်မီး(သို့) ထင်းမီးကိုသာ အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ဖုန်းတာဝါတိုင်မရှိသည့်အတွက် မြန်မာဖုန်းလိုင်းမရပါ။ ဟိုပန်မြို့နှင့် မိုင်ပေါင်း(၄၄/၀)မိုင်ကျော်ခန့်ကွာဝေးပြီး တရုတ်ပြည်နှင့်နီးသည့်အတွက် တရုတ်ဖုန်းလိုင်း သာရရှိသော်လည်း မိုးရာသီအချိန်တွင် မိုးကြိုးပစ်၍ဖြစ်စေ၊ မိုးသည်းထန်စွာရွာသွန်းချိန် ဖြစ်စေ ရရှိထားသည့် တရုတ်ဖုန်းလိုင်းမှာပျက်သွားပြီး ထိုအချိန်တွင် ဆက်သွယ်၍ မရတော့ပါ။ တရုတ်ဖုန်းလိုင်းသာရပြီး မြန်မာဖုန်းလိုင်း မရသည့်အတွက် ဆက်သွယ်ရေးခက်ခဲသော ရွာလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သတင်းအချက်အလက်များ လက်လှမ်းမီရန်အတွက် ဖုန်းတာဝါတိုင်များ ပြုလုပ်ပေးစေလိုပါသည်။

**၇။ ပညာရေး**

ကျေးရွာတွင် မူလွန်စာသင်ကျောင်းရှိပြီး လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သားဦးရေ (၆၀)ဦးရှိပါသည်။ မူလတန်းတက်ရောက် သူရာခိုင်နှုန်းမှာ(၁၂.၅၅%)နှင့် အလယ်တန်းတက်ရောက်သူမှာ (၈.၈၆%) နှင့် တက္ကသိုလ်တက်ရောက်သူ (၀.၇၄%)ရှိပါသည်။ အချို့သောသူများမှာကျောင်းမတတ်လိုသော ကြောင့်လည်းကောင်း၊ မိသားစုဝမ်းရေးအတွက် အလုပ်လုပ်ရန်လိုအပ်သောကြောင့်လည်းကောင်း မူလတန်း အရွယ်နှင့် ကျောင်းထွက်ကြပါသည်။ ကျေးရွာရှိ စာသင်ကျောင်းမှာ မူလွန်ကျောင်းဖြစ်သော်လည်း ရွာရှိ ကျောင်းသား/သူအများစုမှာ မူလတန်းအထိသာ ပညာသင်ကြားကြပြီး ကျောင်းထွက်ကာ မိဘ၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် ကူညီလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စာမတတ်သူဦးရေမှာ (၁၀၆)ဦး (၃၉.၁၁%)၊ စာတတ်မြောက်မှုဦးရေမှာ (၁၃၉)ဦး (၅၁.၃၇%)နှင့် ကျောင်းမနေသေးသည့်ကလေးငယ်ဦးရေမှာ (၂၆)ဦး(၉.၅၉%) ရှိပါသောကြောင့် ကျေးရွာရှိ လူဦးရေ စုစုပေါင်းမှာ(၂၇၁)ဦးရှိကာ မြန်မာစာတတ်သူဦးရေများပြီး အချို့မှာမိမိဘာသာစာများကိုလည်း တက်မြောက်ထားပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ကြသည့်ကျေးရွာဖြစ်ပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားသော ကိုးကန့်စာသင် ကျောင်းရှိသော်လည်း ကျောင်းသားဦးရေများပြားလာသည့်အတွက် စာသင်ကျောင်းဆောင်လုံလောက်မှု

မရှိတော့သည့်အတွက် နောင်လာမည့်ကလေးငယ်များ ဘာသာစာနှင့်ဘာသာစကားတစ်ခု ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်စေရန်နှင့် ကလေးငယ်များအဆင်ပြေစွာ စာသင်နိုင်ရန်အတွက် ကျေးရွာတွင် ကိုးကန့်စာသင်ကျောင်းအား တည်ဆောက်ပေးစေလိုပါသည်။

**၈။ ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးထိုးနှံမှုများကို ပုံမှန်ရရှိပါသည်။ ကျေးရွာနှင့် (၁/၂)မိုင်ခန့် ကွာဝေးသော မုန်းကွန်(ရှမ်း) ကျေးရွာသို့လည်း ကာကွယ်ဆေးထိုးနှံမှုများအား ပုံမှန်ဆောင်ရွက်ပေးနိုင်ပါသည်။ အနည်းငယ်ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချိုအနည်းငယ်ဖြစ်ပွားပါက ကျေးရွာရှိ ဆေးခန်းသို့သာကုသမှုခံယူကြပါသည်။ ကျေးလက်ဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့် (၄၄/၀)မိုင်ကျော်ခန့်ကွာဝေးသော ဟိုပန်မြို့နယ်ဆေးရုံးသို့ သွားရောက်ကုသမှုခံယူကြပါသည်။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ရွာသူ/သားများမှာ ကျန်းမာရေးနှင့်ပတ်သက်၍ ဗဟုသုတနည်းပါး၍သော်လည်းကောင်း၊ တစ်ကိုယ်ရည်ကျန်းမာသန့်ရှင်းမှု အားနည်း၍သော်လည်းကောင်း၊ သန့်ရှင်းသောရေလောင်း/ ယင်လုံအိမ်သာဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်၍သော်လည်းကောင်း ယခုအချိန်ထိ ကျေးရွာတွင် မသန့်ရှင်းသော ယင်လုံအိမ်သာများသုံးစွဲသူများ ကျန်ရှိနေပါသေးသည်။ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် စျေးအနီးနားတွင် (၅)လုံးတွဲကျေးလက်အိမ်သာအား ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားပါသည်။ သို့သော်လည်း ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရောဂါဖြစ်ပွားမှုနှုန်းမှာတော့နည်းပါးပြီး အများအားဖြင့် အသက်ကြီးပိုင်းတွင်သာ ပုံမှန်ဖြစ်တတ်သော သွေးတိုးရောဂါသာ အဖြစ်များပါသည်။

**၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများနည်းပါး၍သော်လည်းကောင်း၊ စျေးကြီးသော ဓါတုဓါတ်မြေဩဇာများကို မဝယ်နိုင်၍သော်လည်းကောင်း စျေးနှုန်းအသင့်အတင့်ရှိသော ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရသောကြောင့် မြေဆီလွှာများပျက်စီးနိုင်ပြီး သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်းတို့ဖြစ်ပေါ်လာပါသည်။ တောမီးလောင်မှုများနှင့် စည်းမဲ့ကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိသစ်တောများကို ရွာသူ/သားများက တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။

**၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာတွင် လမ်းပန်ဆက်သွယ်ရေးမခက်ခဲသော်လည်း ရှေးရိုးစွဲအယူအဆများကြောင့် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

ကျေးရွာတွင် လူငယ်များအတွက် သီးသန့်အနားယူအပန်းဖြေစရာနေရာမရှိသော်လည်း ရာသီအလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးပွဲတော်များကိုတော့ အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များမှာ တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များဗဟုသုတလေ့လာရန်အတွက် စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတများနှင့် စဉ်းစားချင့်ချိန်နိုင်စွမ်းများ လျော့ကျပါသည်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများ ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

**၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုအနည်းငယ်ရှိသောကြောင့် မှုခင်းဖြစ်ပွားမှုများ မတွေ့ရှိရပေ။

**၁၃။ မုန်းကွန်(ရွာမ)ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်း | ၂ | ✓ | ✓ | | | |
| ၃ | ကျေးရွာဈေးပြုပြင်ခြင်း | ၃ | | | ✓ | | |
| ၄ | ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်း (သီးနှံကုန်ထုတ်လမ်း) | ၄ | | ✓ | ✓ | ✓ | ✓ |
| ၅ | မွေးမြူရေးဆိုင်ရာပညာပေးဟောပြောပွဲ | ၅ | | | ✓ | ✓ | |
| ၆ | စိုက်ပျိုးရေသွယ်မြောင်းပြုပြင်ခြင်း | ၆ | | ✓ | ✓ | ✓ | ✓ |
| ၇ | တရုတ်စာသင်ကျောင်း၊ စာသင်ဆောင်တည်ဆောက်ခြင်း | ၇ | | | | | |

## အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

**နောက်ဆက်တွဲ (၃)**

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )**

| | |
|---|---|
| ကျေးရွာ | - မုန်းကွန်(ရွာမ) |
| ကျေးရွာအုပ်စု | - မုန်းကွန် |
| မြို့နယ် | - ဟိုပန်မြို့နယ် |
| တိုင်း/ပြည်နယ် | - ရှမ်းပြည်နယ်မြောက်ပိုင်း |
| **စီမံချက်အမည်** | **-** ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ကျေးရွာတွင်း ရပ်ရေးရွာရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးရန် စုရပ်မရှိခြင်း၊ ရွာလူကြီးအိမ်တွင် ပြုလုပ်ရခြင်းများရှိသော်လည်း နေရာထိုင်ခင်း အဆင်မပြေမှုများရှိပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာအစည်းအဝေးများ၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှ ပြုလုပ်သော အစည်းအဝေးများအား ဤခန်းမထဲတွင် နေရာထိုင်ခင်းအဆင်ပြေချောမွေ့စွာ လက်ခံကျင်းပနိုင်မည် ဖြစ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ )**<br>ရပ်ရေးရွာရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးခြင်း၊ ဘာသာရေးပွဲလမ်းသဘင်များနှင့် အခြားကျင်းပပြုလုပ်နိုင်သောကိစ္စရပ်များအား လက်ခံကျင်းပပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည် )**<br>ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း (၇၂' x ၃၀' x ၁၂') | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀.၀၀ သန်း (ငွေသား)<br>• ၆.၂၄ သန်း (ငွေသား)<br>• xxxxxxxxx (ပစ္စည်း + လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၁၃၂ | ၁၃၉ | **၂၇၁** | ၃ | ၆ | ၁၉ | ၁၇ | **၄၅** |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၃၂ | ၁၃၉ | **၂၇၁** | ၃ | ၆ | ၁၉ | ၁၇ | **၄၅** |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ / ကျေးရွာသူ/သားများ |
| **(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - ၁၄.၃.၂၀၂၀ |
| **(၃) စီမံချက် ပြီးစီးမည့် အချိန်** - ၂၆.၆.၂၀၂၀ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(ကျေးရွာခန်းမလုပ်ငန်း)တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်းနှိုးဆော်သွားမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲ့ဝင်များ ပါဝင်ခြင်းဖြင့် ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်းပြုပြင် ဆောင်ရွက်သွားမည်။ |

နောက်ဆက်တွဲ (၁)

**မုန်းကွန်ကျေးရွာ ၊ မုန်းကွန်(ရွာမ)ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးညီတစ် | ဦးအိုက်ကလွဲ | ၁၃/ဟပတ(နိုင် ဝ၁၅၇၉၅ | ၃၅ | ဥက္ကဋ္ဌ | |
| ၂။ | ဦးကျောက်ဟွယ် | ဦးလောက်စန်း | ၁၃/ဟပတ(နိုင်) ဝ၁၁၃၅၄ | ၅၄ | ဘဏ္ဍာရေးမှူး | |
| ၃။ | ဒေါ်အမ်းလုံ | ဦးညီဖက် | ၁၃/ဟပတ(နိုင်) ဝ၂ဝ၈၈ဝ | ၂၉ | စာရင်းကိုင် | |
| ၄။ | ဒေါ်ရှောက်လူ | ဦးရန်စီးဖူး | ၁၃/ဟပတ(နိုင်) ဝ၁၆ဝ၉၆ | ၄၃ | သော့ကိုင် (၁) | |
| ၅။ | ဦးကွမ်ဖါ | ဦးလောက်ဆန်း | ၁၃/ဟပတ(နိုင်) ဝ၁၆ဝ၉၆ | ၄၃ | သော့ကိုင် (၂) | |
| ၆။ | ဦးလောက်ဆန်း | ဦးကြွမ်းဆိုက် | ၁၃/ဟပတ(နိုင်) ဝဝ၁ဝ၃၉ | ၂၆ | အဖွဲ့ဝင် | |
| ၇။ | ဦးရန်ကွေးဆိုက် | ဦးရန်စီးဖန် | ၁၃/ဟပတ(နိုင်) ဝဝ၈၇ဝ၉ | ၅၉ | အတွင်းရေးမှူး | |

နောက်ဆက်တွဲ(၂)

**မုန်းကွန်ကျေးရွာအုပ်စု၊ မုန်းကွန်(ရွာမ)ကျေးရွာ**
**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**
**(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**
**(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၆ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၈ | ၉ | ၁၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၃ | ၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၄ | ၂၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၃ | ၉၂ | ၁၈၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၅ | ၉ |
| **စုစုပေါင်း** | | ၁၃၂ | ၁၃၉ | ၂၇၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၄၅ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် (၉)ဦး (၃.၃၂%)၊ (၅)နှစ်အောက်ကလေးငယ် (၁၇)ဦး (၆.၂၇၃%)၊ ကျောင်းနေအရွယ်ကလေးများ (၅၁)ဦး (၁၈.၈၁၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၁၈၃) ဦး (၆၈.၂၆၆%)နှင့် သက်ကြီးရွယ်အို (၉)ဦး(၃.၃၂%)ရှိပြီး ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူများပါသည်။ ထို့ပြင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၂.၅၈%)ခန့် နည်းပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**
**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**
**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၆၄ | ၇ | မြင့်☑ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၇ | ၃၆ | - | မြင့်☐ လတ်☐ နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | – | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | – | – | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | – | – | – | မြင့်☐ လတ်☐ နိမ့်☐ |
| | စုစုပေါင်း | ၄၃ | ၁၀၀ | ၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ “အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် “မိသားစုဝင်လုပ်အား” ထပ်မံ ထည့်သွင်းကောက်ယူခြင်းမပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊ မြင့်၊ လတ်)”ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ-“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း” တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ကို ဆိုလိုပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၏ မိသားစုဝင်များမှာလည်း စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် ထိုသူတို့၏ အဓိကဝင်ငွေရလုပ်ငန်းမှာလည်း စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်ပါသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ(၂၇)အိမ်ထောင်စုရှိပြီး နေ့စားလုပ်ကိုင်သူနှင့် ကျဘမ်းလုပ်ကိုင်သူမှာ (၁၈)အိမ်ထောင်စုရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်။** (၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးအတွက် လုပ်သားငှားရမ်းရာတွင် အခကြေးငွေကို ကျား/မ တန်းတူ ခံစားစေပါသည်။ ကျား/မ တန်းတူ အခွင့်အရေးပေးထားကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၇ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| ယာမြေ / တောင်ယာမြေ | ၃၀ | ကောင်း ☑ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | ၂ | ကောင်း ☐ | သင့်☑ | ညံ့☐ |
| **စုစုပေါင်း** | **၉၉** | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စုစုပေါင်း စိုက်ပျိုးမြေဧကမှာ (၉၉)ဧကော ရှိသော်လည်း အမှန်တကယ် လုပ်ကိုင်စားသောက်၍ရသော မြေဧကမှာ (၉၇)ဧကရှိပြီး ကျန်(၂)ဧကမှာ လုပ်ကိုင်စားသောက်၍မရသော မြေဧကဖြစ်ပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | |
|---|---|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။) | များ☐ | သင့်☐ | နည်း☐ မရှိ☑ | လွယ်☐ အသုံးမပြုနိုင်ပါ ☐ | ခက်☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ | သင့်☐ | နည်း☐ မရှိ☑ | လွယ်☐ အသုံးမပြုနိုင်ပါ☐ | ခက်☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ☐ | သင့်☐ | နည်း☐ မရှိ☑ | လွယ်☐ အသုံးမပြုနိုင်ပါ☐ | ခက်☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ | သင့်☐ | နည်း☐ မရှိ☑ | ☒ | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားသောတွင်းထွက်သယံဇာတများအပြင် အဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မရှိပါ။ ဖြုန်းတောင်နှင့်ကျောက်တောင်များလည်း မရှိပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၁၂ | ၈ | ၁၈ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၅)စုသာရှိပြီး ပုံမှန်ထက် အဆင်ပြေသော အိမ်ထောင်စုမှာ (၁၉)စု၊ မပြေလည်သောအိမ်ထောင်စု(တစ်နည်းအားဖြင့် တစ်ပါးသူ၏ လယ်ကေများအား ငှားရမ်းလုပ်ကိုင်သူ၊ လယ်ကေအနည်းငယ်သာ ပိုင်ဆိုင်သူ) မှာ (၈)စုနှင့် လယ်/ယာကေပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုမှာ (၁၈)စု ရှိပါသောကြောင့် မိမိတို့ကျေးရွာတွင် အဆင်မပြေသူများပြားကြောင်း တွေ့ရှိရပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လနှင့် ဖိလကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ဖိလမှ ၁၂လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် (၃) နှင့် (၄)များရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်စိုက်ပျိုးမြေကောအနည်းငယ်ရှိပြီး မိသားစုစားသောက်ရန်အတွက် စပါးအနည်းငယ်နှင့် စီးပွားဖြစ်ပြောင်း အနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသောကြောင့် တစ်မိသားစုလုံးအတွက် တစ်နေ့(၃)နပ်စာ ဝမ်းစာဖူလုံမှုရှိသည့်အတွက် အခြားနည်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းခြင်းတော့မရှိပါ။ ထိုအထဲမှာမှ အိမ်ထောင်စု(၁၈)စုမှာ နေ့စား/ကြုံရာကျဘမ်း လုပ်ကိုင်နေကြသူများဖြစ်သော်လည်း ၎င်းတို့၏ မိသားစုဝင်အချို့မှာ အခြားနေရာသို့ အလုပ်သွားရာက်လုပ်ကိုင်ပြီး ကျေးရွာတွင်ကျန်ရှိသောမိသားစုများထံသို့ ငွေပြန်ပို့ကြသောကြောင့် တစ်နေ့(၃)နပ်စာအတွက်တော့ ဝမ်းစာဖူလုံမှုရှိကြပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖခင်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများပြီး အချို့သောအိမ်ထောင်စုမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဖြစ်သော်လည်း လယ်ဧကအနည်းအကျဉ်းပိုင်ဆိုင်ထားရှိခြင်းကြောင့် ကူညီစောင်မမှု မလိုအပ်ပါ။

**(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာသည် ဟိုပန်မြို့နှင့်(၄၄/၀)မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးမှာ သိပ်မခက်ခဲသော်လည်း ဝေးလံသောဒေသဖြစ်၍ ဆက်သွယ်ရေးမှာ တရုတ်ဖုန်းလိုင်းသာရသဖြင့်

မိုးရာသီတွင် မိုးကြိုးပစ်သောအခါဖြစ်စေ၊ မိုးသည်းထန်စွာရွာသွန်းချိန်ဖြစ်စေ ရရှိသော တရုတ်ဖုန်းလိုင်းမှာ ပျောက်သွားသောကြောင့် ထိုအချိန်များတွင် မည်သို့မျှ ဆက်သွယ်၍မရပါ။

**(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**
**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့်☐ | လတ်☐ | နိမ့်☐ | မရှိ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့်☐ | လတ်☐ | နိမ့်☐ | မရှိ☑ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့်☐ | လတ်☐ | နိမ့်☐ | မရှိ☑ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့်☐ | လတ်☐ | နိမ့်☐ | မရှိ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့်☐ | လတ်☐ | နိမ့်☐ | မရှိ☑ |
